မကွေးတိုင်းဒေသကြီး

ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု

ရွှေဘိုရွာသစ်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# (၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်)

ပြုစုရေးဆွဲသူ- ရွှေဘိုရွာသစ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

၂၀၂၆ခုနှစ်၊ ဧပြီလ ၂၇ ရက်

## မာတိကာ


၁။ **စကားချီး**

၂။ **ရွှေဘိုရွာသစ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွင်ပြ ပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ပွင့်ဖြူမြို့နယ်**

၃။ **တည်နေရာနှင့် ပထဝီဝင် အနေအထား**

၄။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

၅။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

၆။ **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၇။ **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ **ပညာရေး**

၉။ **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

၁၀။ **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

၁၁။ **ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရွှေဘိုရွာသစ်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ ဦးစွာပထမအခြေခံကျသော စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ များပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတာဝန်ရှိလူကြီးများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုကျေးဇူးတင်ပါသည်။အရေးကြီးသော အချက်အလက်များနှင့်လိုအပ်သောအကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ရွှေဘိုရွာသစ်ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုကျနသေချာစွာ မသိခဲ့ကြပါ။ လူထုကိုယ်ကိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း သဘောတူတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ ပြုစုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊

ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဧပြီ လ ၂၀၂၆ခုနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရွှေဘိုရွာသစ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်


ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာသစ်ကျေးရွာ
သယံဇာတပြမြေပုံ
ရေးဆွဲသူ-ရွှေဘိုရွာသစ်ကျေးရွာသူ/သားများ
မြောက်မုန်းမြောင်းမကြီး
မ
န
ရ
တ
အိမ်
ခန်းမ
ဆန်စက်
မြောင်း
စာသင်ကျောင်း
အားကစားကွင်း

# ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ရွှေဘိုကွာသစ်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသိုလ် | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | နှမ်းကြဲ | ဆေးဖျန်း | ဆေးဖျန်း | နှမ်းသိမ်း | စပါးပျိုးကြဲ | စပါးစိုက် | မြေဆီကျွေး | စပါးရိတ် | ပဲကြဲ | ဆေးဖျန်း | ပဲသိမ်း | ထွန်ရေးပြင် |
| မိသားစုဝင်ငွေ | | | | | | | | | | | | |
| အသုံးစရိတ် | | | | | | | | | | | | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | – | ရှိ | ရှိ | ရှိ | – | ရှိ | ရှိ | – | ရှိ |
| သောက်သုံးရေ | - - -<br>- - - | - - -<br>- - - | - - -<br>- - - | - - -<br>- - -<br>- - - | - - -<br>- - -<br>- - - | - - -<br>- - -<br>- - - | - - -<br>- - - | - - -<br>- - - | - - - | - - - | - - - | - - - |
| ကျန်းမာရေး | ဝမ်းလျှော | မျက်စိနာ | – | တုတ်ကွေး | တုတ်ကွေး | – | – | အအေးမိဖျား | နှာစေး | – | – | – |
| ပိုးမွှားကျရောက်မှု | – | | | – | – | – | – | – | – | | – | – |
| ပွဲတော် | သင်္ကြန်ပွဲ | ဗုဒ္ဓပွဲ | – | သင်္ကန်းကပ်ပွဲ | – | – | မီးပူဇော်ပွဲ | ကထိန်ပွဲ | ဦးဂုဏ်ပွဲ | – | ထမနဲပွဲ | – |
| သဘာဝဘေး | – | – | – | ရှိ | ရှိ | – | – | – | – | – | – | – |
| စိုက်ပျိုးရေ | - - -<br>- - - | - - -<br>- - - | - - - | - - - | - - -<br>- - -<br>- - - | - - -<br>- - -<br>- - - | - - -<br>- - - | - - - | - - - | - - - | – | - - -<br>- - - |

[illegible] – ရွှေဘိုကွာသစ် ကျေးရွာသူ/သားများ


ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာသစ်ကျေးရွာ
အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ
အကုံမီးသတ်
ပရဟိတ
ကျောင်းကော်မတီ
အုပ်ချုပ်ရေး
အဖွဲ့
မဟာအဖွဲ့
လူငယ်အဖွဲ့
ဝတ်အသင်း
ငွေယောမင်းအဖွဲ့
LOLC
အဖွဲ့
ဆိုက်ဘာကဏ်
ရေးဆွဲသူ ရွှေဘိုရွာသစ်ကျေးရွာသူ / သားများ

## ၃။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပွင့်ဖြူမြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ ဒီဂရီ ၂၃ မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ် ကြားတွင် တည်ရှိ၍ ရွှေဘိုရွာသစ်ကျေးရွာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၁ မိနစ်နှင့် ၂၁ ဒီဂရီ ၂၈ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၆၆ မိနစ်နှင့် ၆၉ ဒီဂရီ ၆၅ မိနစ်ကြားတွင် တည်ရှိပါသည်။

ပွင့်ဖြူမြို့၏ အရှေ့ဘက်တွင် ရေနံချောင်းမြို့နှင့် အနောက်ဘက်တွင် စေတုတ္တရာမြို့၊ တောင်ဘက် တွင် မင်းဘူးမြို့နှင့် မြောက်ဘက်တွင် စလင်းမြို့တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ရွှေဘိုရွာသစ်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြရာ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာသည် စလင်း-မင်းဘူး ကားလမ်းမကြီးဘေးကပ် လျက်ရှိသော ကျေးရွာဖြစ်ပါသည်။ကျေးရွာသည် မုန်းချောင်းမှ ဆည်ရေသောက်တူးမြောင်း ဖောက်လုပ်ထားသော မဲဇလီမှ ကုန်းဇောင်းထိ ရေပေးဝေသည့် မြောက်မုန်းမြောင်းမကြီးနှင့် ကားလမ်းဆုံရာ နေရာတွင် တည်ရှိပါသည်။ ကျေးရွာ၏ပတ်လည်တွင် မြောက်မုန်းရေကို အသုံးပြုစိုက်ပျိုးသော လယ်ကွင်း များရှိပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးရောင်းဈေးဝယ် လုပ်ငန်းများကို လည်းလုပ်ကိုင်ကြပါသည်။ ကျေးရွာမှထွက်ရှိသော သီးနှံများကို စလင်း၊ ပွင့်ဖြူ မင်းဘူး၊ မကွေးမြို့ များသို့ သွားရောက်ရောင်းချကြပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပွင့်ဖြူမြို့နယ်သည် မြေပြန့်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုနည်းသောဒေသ ဖြစ်သော် လည်း မျှတသော ရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန်မှာ ၄၀ ˚C ရှိ၍ ဧပြီလတွင် အနိမ့်ဆုံး အပူချိန်မှာ ၂၃.၉၇ ˚C ဖြစ်ပါသည်။ တစ်နှစ်လျှင်ပျှမ်းမျှမိုးရေချိန်မှာ (၈၀.၁၉)လက်မရှိပြီး ပျမ်းမျှမိုးရွာရက် မှာ(၁၀၀)ရက်ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလနှင့် အောက်တိုဘာ လများ ဖြစ်ပါသည်။

ရွှေဘိုရွာသစ်ကျေးရွာတွင် ရာသီဥတု မမှန်ကန်၍ ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများ စနစ်မကျခြင်းများကြောင့် မြေဆီဩဇာခမ်းခြောက်မှု အသင့်အတင့်ရှိပြီး စိုက်ခင်းများ၌ ဖျက်ပိုးနှင့်မှိုရောဂါများ ကျရောက်ပါက ထိန်းချုပ်မှုအားနည်းခြင်းကြောင့် သီးနှံအထွက်တိုးမှု လျော့နည်းပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်၊ ဘူးခွံ၊ ပုလင်းခွံများကို စနစ်တကျ စွန့်ပစ်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင် ရွက်သင့်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ ကျား(၆)ဦး ၊လူငယ်အဖွဲ့ (ကျား-၃၀၊ မ- ၂၀)ဦး၊ ကျောင်းကော်မတီအဖွဲ့ (ကျား – ၅) ဦး ၊ ပရဟိတအဖွဲ့ (ကျား-၁၀)ဦး၊ ဘာသာရေးဝတ်အသင်းအဖွဲ့ (ကျား-၅၊ မ-၂၀)ဦး၊ အရံမီးသတ်အဖွဲ့(ကျား-၂၀)ဦးနှင့် ကျေးရွာအတွင်းအဖွဲ့အစည်းများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုရှိပြီး ညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/ သားများ ကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သောဦးစားပေး လုပ်ငန်းများသည် သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၆။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ရွှေဘိုရွာသစ်ကျေးရွာတွင် မြေယာမဲ့တောင်သူအိမ်ထောင်စုမှာ (၁၆၄)စု၊ ၂.၅ ကေအောက် ဆင်းရဲ သားတောင်သူ (၃၃)အိမ်ထောင်စု၊ ၂.၅ ကေမှ ၅ကေကြားရှိ တောင်သူငယ်(၃၇)အိမ်ထောင်စု၊ ၅ကေ မှ ၁၂.၅ ကေကြားရှိ တောင်သူလတ်(၃၅)အိမ်ထောင်စု၊ ၁၂.၅ကေအထက်ရှိ တောင်သူကြီး (၈) အိမ်ထောင်စုရှိပါသည်။ စပါး၊ ပဲအမျိုးမျိုးနှင့် နှမ်းသီးနှံများကို အဓိကထား စိုက်ပျိုးကြပြီး အခြား အသီးအရွက် စားသောက်စရာ အသီးအပင်များကိုလဲ ရံဖန်ရံခါ စိုက်ပျိုးကြပါသည်။စပါး (၁)ကေလျှင် (၆၀)တင်းမှ (၉၀)တင်း၊ ပဲ(၁)ကေလျှင် (၇)တင်းမှ (၈)တင်းနှင့် နှမ်း(၁)ကေလျှင် (၅)တင်းမှ (၁၀)တင်းထွက်ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် ဈေးရောင်းဈေးဝယ်လုပ်ငန်းနှင့် နေ့စား၊ ကျပန်းအဖြစ် လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေမှာ မဲဇလီရေလွှဲဆည်မှ မြောက်မုန်း မြောင်းမကြီးမှ ရေကိုသာအဓိကအသုံးပြု စိုက်ပျိုးလုပ်ကိုင်ပြီး ဆည်ရေသောက်ကေ (၄၉၀)ကေ ရှိပြီး၊လင်းဇင်းဆည်ရေသောက် လယ်မြေမှာ(၁၂.၅၀)ကေရှိပါသည်။ ကျန်ရှိသည့် လယ်မြေနှင့် ယာမြေများကိုမြေအောက်ရေကို တွင်းတူး၊ အဝီစိတွင်း၊ စက်တပ်ရေတွင်းများကို အသုံးပြုကြပြီး စိုက်ပျိုးရေကို ရာသီအလိုက် လုံလောက်စွာ ရရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ထွန်ယက်စိုက်ပျိုးရန် နွားများအပြင် လယ်ယာလက်တွန်းထွန်စက်(၃၄)စီး၊ ခြွေလှေ့စက် (၃)လုံး။ ရေစုပ်စက်(၄၉)လုံးနှင့် မြက်ရိတ်စက် (၂)လုံးရှိပြီး အခြားလိုအပ်သော စက်ကိရိယာများကို ကျေးရွာပြင်ပမှ ငှားရမ်းအသုံးပြုကြပါသည်။

သီးနှံအထွက်တိုးကောင်းမွန်စေရန်အတွက် နွားချေး၊ သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ နှင့်အခြားဓါတုပိုးသတ်ဆေး၊ သီးနှံမျိုးစေ့များကိုလည်း နီးစပ်ရာစိုက်ပျိုးရေး ဆေးဆိုင်များတွင်

ဝယ်ယူရရှိနိုင်ပါသည်။ မျိုးကောင်းမျိုးသန့် ရရှိအောင် စိုက်ခြံ၊ စိုက်ပျိုးရေးဆေးဆိုင်တို့မှ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူများမှ ကိုယ်တိုင်ဖြစ်စေ၊ ကုန်သည်ပွဲစားများမှဖြစ်စေ ရောင်းချနိုင်ကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးအနေဖြင့် ကျေးရွာတွင် တစ်ပိုင်တစ်နိုင် နွားမွေးမြူသည့် အိမ်ထောင်စု(၅၄)စု၊ နွားကောင်ရေမှာ(၁၇၁)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု(၃၅)စု၊ (၇၀)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၂၀)စု၊ (၁၉၈)ကောင်၊သိုးမွေးမြူသည့် အိမ်ထောင်စု(၉)စု(၂၁၀) ကောင်နှင့် ဘဲမွေးမြူသည့် အိမ်ထောင်စု(၃)စု၊ (၁၀)ကောင်နှင့် မြောက်မုန်းမြောင်းမကြီး၊ရိုးချောင်း၊ လယ်ဝင်ရေမြောင်းများတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၅)စုရှိပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စုပေါင်း (၁၂၂)စုရှိပါသည်။ မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများ မသိရှိခြင်းကြောင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်ငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံများကို အသိပညာပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။

## (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ရွှေဘိုရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ခြင်း၊ ဈေးဆိုင်နှင့် အရောင်းအဝယ်များ လုပ်ကိုင်ခြင်းနှင့် လက်သမား၊ ပန်းရံလုပ်ငန်းများတွင် လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နေ့လုပ်အားခနှုန်းထားမှာ အမျိုးသားအများဆုံး (၁၆၀၀၀) ကျပ်၊ အနည်းဆုံး (၁၅၀၀၀) ကျပ်၊ အမျိုးသမီးအများဆုံး (၁၂၀၀၀)ကျပ်၊ အနည်းဆုံး(၁၀၀၀၀)ကျပ်၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် တစ်နေ့လုပ်အားခနှုန်းထားမှာ အမျိုးသားအများဆုံး (၂၅၀၀၀) ကျပ် အနည်းဆုံး (၂၀၀၀၀) ကျပ်၊ အမျိုးသမီးအများဆုံး (၂၀၀၀၀)ကျပ်၊ အနည်းဆုံး(၁၅၀၀၀)ကျပ်ခန့်နှင့် ရရှိကြပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေအရင်းအမြစ်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြင့် လယ်တစ်ကေလျှင် (၁၅၀,၀၀၀)ကျပ် ထုတ်ချေးပေးလျက်ရှိပြီး LOLC နှင့် စထာပါနာ ငွေကြေးအဖွဲ့အစည်းများ အနည်းဆုံး(၂၀၀၀၀၀)မှ အများဆုံး (၅၀၀၀၀၀) ကျပ်အထိထုတ်ချေး၍ ပုဂ္ဂလိကငွေချေးသူများနှင့် လုပ်ငန်းရှင်များထံမှ လုပ်အားခများ ကြိုတင်ထုတ်ယူ၍ နေထိုင်စားသောက်ကြပါသည်။ ထို့အပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ တစ်ပိုင်

တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ချေးငွေအနည်းဆုံး (၂၀၀၀၀၀)ကျပ်မှ အများဆုံး(၅၀၀၀၀၀)ကျပ်အထိ ထုတ်ချေး၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရွှေဘိုရွာသစ်ကျေးရွာသည် ပွင့်ဖြူမြို့နှင့် (၅)မိုင်ခန့်ကွာဝေးကာ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြု၍ ကျောင်းသား/သူများသည် စက်ဘီးကိုကျောင်းတက်ရန် အသုံးပြုကြပါသည်။ ကျေးရွာတွင် စက်ဘီး(၁၇၃)စီး၊ မော်တော်ဆိုင်ကယ်(၁၉၀)စီး၊ သုံးဘီးဆိုင်ကယ် (၅)စီး၊ ထော်လာဂျီ(၃)စီး၊ ကား(၁) စီးတို့ဖြင့် သွားလာနေကြပြီး ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပါသဖြင့် မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိပါသဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော်မှထောက်ပံ့ငွေကျပ်သိန်း (၁၅၀)နှင့် ကျေးရွာလူထု မှ ပူးပေါင်းထည့်ဝင်ငွေတို့ဖြင့် ကျေးရွာမှကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကွန်ကရစ်လမ်းအဖြစ်သို့ရောက်ရှိ၍ ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်ပြီဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ရွှေဘိုရွာသစ်ကျေးရွာသည်မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးအသုံးပြုသည့် အိမ်ခြေ(၂၄၆)အိမ်အနက် အိမခြေ(၂၁၀)အိမ်သည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးအသုံးပြုကြပါသည်။ မီတာမသုံးနိုင်သောအိမ်အရေ အတွက်မှာ (၃၅)စုသာရှိပြီး ဆိုလာမီးများ ကိုသုံးစွဲကြပါသည်။လျှပ်စစ်မီးကြိုးများကို ကျေးရွာအတွင်း လမ်းအရှည်အားလုံးကို သွယ်တန်းထားရှိပါသည်။ ရွာတွင်သွယ်တန်းထားသော မီးကြိုးအရှည်သည် တစ်မိုင်ခန့်ပတ်လည်ရှည်လျားပါသည်။ ရွာတွင်းလမ်းများတွင် သွယ်တန်းထားသောမီးကြိုးများမှာ(၃၅)ကုဒ်တက်ကြိုးများဖြစ်ပြီး သွယ်တန်းထားသည့် ကာလသည် (၈)နှစ်ကာလ ရောက်ရှိပြီးဖြစ်ပါ သည်။ ကာဗာကြိုးများ သွယ်တန်းထားခြင်းကြောင့် လျှပ်စစ်မီးဘေးအန္တရာယ် ကင်းဝေးပါသည်။ ပိုမိုကောင်းမွန်သော နည်းစနစ်များရှိလျှင် တပ်ဆင်အသုံးပြုခြင်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရွှေဘိုရွာသစ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို အိမ်ခြေ(၂၄၆)အိမ်တွင် ဖုန်း(၄၅၀)လုံး၊ တီဗွီ(၁၂၀)လုံး၊ ဂြိုလ်တုစလောင်း (၄၅) လုံး နှင့်ဆက်သွယ်၍ သတင်းအချက်အလက်ရယူပြီး အင်တာနက်လိုင်း အသုံးပြုမှုမှာ ဖုန်းများဖြင့် ချိတ်ဆက်ဆက်သွယ် အသုံးပြုလျက်ရှိပြီး ဖုန်းလိုင်းဆက်သွယ်ရေးအခက်အခဲ မရှိကြောင်းတွေ့ရှိ ရပါသည်။

၈။ ပညာရေး

ရွှေဘိုရွာသစ်ကျေးရွာတွင် မူလတန်းကျောင်းရှိရာ လက်ရှိပညာသင်ကြားနေသူဦးရေမှာ ကျောင်းသား(၆၃)ဦးနှင့် ကျောင်းသူ(၆၀)ဦး စုစုပေါင်း(၁၂၃)ဦးရှိပါသည်။ စာသင်ကျောင်းဆောင်မှာ ၆၀'x၂၂'x၈' သံဖိနပ်တိုင် နံရံကပ် သွပ်မိုးကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းတွင်ဆရာမ (၆)ဦးရှိပြီး စာပေသင်ကြားရေးအတွက် လုံလောက်မှုရှိပါသည်။ ပညာရေးတွင် အဆင်ပြေစွာ သင်ကြားနိုင်ပါသည်။ ကျောင်းဝင်းအတွင်း ကျောင်းသားဦးရေ နှင့် နေစရာအရိပ် စာသင်ခုံများ လုံလောက်မှု မရှိသောကြောင့် ၃၀'x၁၅'x၈' ထရံကာသွပ်မိုး ကျောင်းဆောင်(၂)စောင် ထပ်မံတိုးချဲ့ ခဲ့ရပါသည်။ အထက်တန်းကျောင်းသူ/သား များအနေဖြင့် ရှောက်တောအခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ရှောက်တောအခြေခံပညာအထက်တန်း ကျောင်းသည် ရွှေဘိုရွာသစ်ကျေးရွာမှ (၁)မိုင်ခွဲခန့်ဝေးသော ကျောင်းသို့သွားရောက်သင်ကြား ရပါသည်။ဘွဲ့ရပညာတတ် အသင့်အတင့်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူစွမ်းအားအရင်းအမြစ်ကောင်းများရှိပါ သည်။

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ရွှေဘိုရွာသစ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနများမရှိသော်လည်း ဥယျာဉ်ကျစ် ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကာကွယ် ဆေးထိုးနှံမှုများရှိကြောင်း ကျေးလက်ကျန်းမာရေးဌာနမှ (၃)လတစ်ကြိမ် ကလေးများ အား ရာသီအလိုက်၊ အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အာဟာရပြည့်စုံ လုံလောက်မှုရှိ/မရှိ မှတ်တမ်းရယူခြင်းများ ရှိပါသည်။ မြို့နယ်ကျန်းမာရေးဌာနသို့ သွားရောက်ကာ အထွေထွေရောဂါများကုသခြင်း၊ ကာကွယ်ခြင်းများကို လိုအပ်သလိုဆောင်ရွက်နိုင်ပါသည်။ ကျေးရွာ တွင်မိခင်နှင့်ကလေး ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အာဟာရပြည့်စုံ လုံလောက်စွာရရှိရန် ကူညီကာလုပ်ဆောင်ခြင်းများလည်းရှိပါသည်။

သောက်သုံးရေရရှိမှုအနေဖြင့် တချို့သောမိသားစုများက သောက်သုံးရေအတွက် ရေသန့် စက်ရုံမှ ဝယ်ယူသောက်သုံးသော အိမ်ထောင်စု(၂၀)စုရှိပါသည်။ ကျန်ရှိသော မိသားစုဝင်များမှ အဝီစိတွင်း စက်တပ်မိသားစု(၁၀)စု၊ အဝီစိတွင်းမော်တာတပ်ဆင် အသုံးပြုသောအိမ်ထောင်စု(၃၆)စု ရှိပြီး၊ ကျန်သောမိသားစုများကအဝီစိတွင်းတုံကင်တပ် အသုံးပြုသူအိမ်ထောင်စု(၁၀၀)ရှိပါသည်။ အိမ်တိုင်းအဝီစိတွင်းမရှိသော်လည်း အိမ်ဝိုင်းအားလုံးတွင် အဝီစိတွင်းများရှိကြပါသည်။ ရေသန့်ရှင်း ကောင်းမွန်သောရေ၊ ကောင်းမွန်သောရေဖြစ်ကြောင်း စနစ်တကျစမ်းသပ်စစ်ဆေးနိုင်သော တိုင်း တာသန့်စင်စက်မရှိပါ၊ အဝီစိတွင်းများမှရေကို သောက်သုံးလာသည်မှာ ယခုအချိန်ထိဖြစ်ပါသည်။ အဝီစိတွင်းရေသည် အသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။တခါတရံတွင် ရေကြောင့်ဖြစ်တတ်သော ဝမ်းကိုက်၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများဖြစ်ပေါ်တတ်ပါသည်။ ကျေးရွာနေပြည်သူလူထုအား သောက်သုံးရေ မသန့်ရှင်းမှုကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုး၊ ကောင်းကျိုးများကို ရွာသူရွာသားများ

သိရှိအောင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးရန် လိုအပ်ပါသည်။ ရွာတွင်းရှိသော အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာသုံးစွဲကြပါသည်။ ယင်လုံအိမ်သာသုံးစွဲသော်လည်း ယင်လုံ၊ အနံ့လုံ၊ အရုက်လုံ ၊လုံ(၃)လုံနှင့်တည်ဆောက်ရန်လိုအပ်သလို ကျန်းမာရေးအတွက်ပါလုံခြုံဖို့လိုအပ်ကြောင်း အသိပညာပေးဟောပြောပွဲပြုလုပ်ပေးမှ ကျန်းမာပျော်ရွှင်သောမိသားစုများ ဖြစ်လာမည်ဟု သိရှိလာရပါသည်။

## ၁၀။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ရွှေဘိုရွာသစ်ကျေးရွာသည် မြစ်ချောင်းတမံများနှင့်ဝေကွာသောကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခြင်း ကင်းဝေးပါသည်။ တခါတရံမိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် သီးနှံများပျက်စီးမှုကြုံတွေ့ရပါသည်။ ကျေးရွာနှင့်ကျေးရွာပတ်ဝန်းကျင်တို့တွင် သစ်တောသစ်ပင်များ အလွန်နည်းပါသောကြောင့်ရံဖန်ရံခါ မိုးအဆက်မပြတ်ရွာသွန်းပြီး ရံဖန်ရံခါ မိုးရွာသွန်းမှု နည်းပါးသည်ကိုတွေ့ရှိရပါသည်။ ရာသီဥတုမှန်ကန်၍ သစ်ပင်သစ်တောများကာကွယ်ထိန်းသိမ်းစောင့်ရှောက်၊ စိုက်ပျိုးခြင်းများလုပ်ဆောင်ရန် လိုအပ်ကြောင်းသိရှိရပါသည်။ သစ်ပင်သစ်တောများကာကွယ်ရန် လိုအပ်သလိုလူကိုအကျိုးမပြုသော ခြုံနွယ်ပင်များကိုလည်း ရှင်းလင်းပေးရန်လိုအပ်ပါသည်။ မိုးရာသီတွင်ခြုံနွယ်ပင်များ မရှင်းလင်းပဲထားရှိခဲ့လျှင် မြွေအန္တရာယ်၊ မှတ်၊ ခြင်၊ ယင်များ ခိုအောင်းနေထိုင်နိုင်ပါသည်။ မြွေအန္တရာယ်ကြောင့်အသက်ဆုံးရှုံးခြင်း၊ ခြင်ကြောင့်တုတ်ကွေး၊ငှက်ဖျားအမျိုးမျိုး ယင်ကြောင့်ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောခြင်းများကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ နွေဥတုနှင့်မိုးဥတုကူးပြောင်းကာလများ ဖြစ်ပွားတတ်သော ငှက်ဖျား၊ တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါအအေးမိ၊ ချောင်းဆိုးရောဂါနှင့် ပတ်သက်ပြီး အသိပညာပေးဟောပြောရန် လိုအပ်ကြောင်းသိရှိရပါသည်။ ရာသီကူးပြောင်းကာလများကြောင့်လူနှင့်တိရစ္ဆာန်များ ရောဂါအမျိုးမျိုးဖြစ်ပေါ်တတ်ပါသည်။စိုက်ပျိုးရေများအတွင်း အမှိုက်၊ ပလတ်စတစ်၊ ဓါတုဆေးဝါးများ မစွန့်ပစ်မိရန် လိုအပ်ကြောင်း သိရှိလာပါသည်။

## ၁၁။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ရွှေဘိုရွာသစ်ကျေးရွာတွင် အရွယ်ရောက်ရှိပြီး အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦး ထက် ပိုများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်ပြုလုပ်သော လရာသီအလိုက် ကျင်းပသော သင်္ကြန်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ဝါဆိုပွဲ၊ ဆီမီးထွန်းပွဲ၊ ဖလသာမညအခါတော်ပွဲ၊ တပေါင်းပွဲ၊ ဘာသာရေးဆိုင်ရာပွဲများ သာရေး၊ နာရေးများတွင်လည်း အမျိုးသား၊ အမျိုးသမီးများ မခွဲခြားပဲအားလုံး အတူတကွ ပါဝင်ဆောင်ရွက်ကြပါသည်။ အချို့သောအခန်းကဏ္ဍများကို အမျိုးသမီးဦးစားပေးလုပ်ဆောင်ခြင်းများလည်းရှိပါသည်။ လူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသားခေါင်း၊ အမျိုးသမီးခေါင်း သီးခြားစီတာဝန်ပေးအပ် ဆုံးဖြတ်စေမှုများလည်းရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တိုင်ပင်စည်းဝေးကြပါသည်။ အမျိုးသမီး၊အမျိုးသား အားလုံး

သဘောတူဆုံးဖြတ်မှုကိုသာ လုပ်ဆောင်ကြရပါသည်။ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် အမျိုးသမီး/အမျိုးသားဆုံးဖြတ်ခွင့်သီးခြားစီလုပ်ဆောင်ရခြင်းမျိုးလည်းရှိကြပါသည်။

## ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ရွှေဘိုရွာသစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကဏ္ဍအလိုက် ဦးစားပေးစီမံချက်များစာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည် ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရွှေဘိုရွာသစ် | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရန် | ၁ | ကျေးလက်ဦးစီး | |
| ၂ | | ပညာရေး | စာသင်ကျောင်းဆောင်သစ်ရရှိရန် | ၂ | ပညာရေးဦးစီး | |
| ၃ | | အခြေခံအဆောက်အဦး | ကျေးရွာတွင်းလမ်းဘေးဝဲယာရေနုတ်မြောင်းတူးရန် | ၃ | ကျေးလက်ဦးစီး | |
| ၄ | | အခြေခံအဆောက်အဦး | အမှိုက်စွန့်ပစ်ကန်တည်ဆောက်ရန် | ၄ | ကျေးလက်ဦးစီး | |
| ၅ | | ပညာရေး | စာသင်ကျောင်းအတွင်း အားကစားပစ္စည်းများ တပ်ဆင်ရန် | ၅ | ပညာရေးဦးစီး | |
| ၆ | | အခြေခံအဆောက်အဦ | ကုန်ထုတ်လမ်းရရှိရန် | ၆ | ကျေးလက်ဦးစီး | |
| ၇ | | ဆည်မြောင်း | စိုက်ပျိုးရေလုံလောက်စွာရရှိရန် | ၇ | ဆည်မြောင်းဦးစီးဌာန | |
| ၈ | | စိုက်ပျိုးရေး | စိုက်ပျိုးရေးသွင်းအားစုမျိုးကောင်းမျိုးသန့်ရရှိရန် | ၈ | စိုက်ပျိုးရေးဦးစီး | |

နောက်ဆက်တွဲ(၁)

ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ရွှေဘိုရွာသစ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်မင်းအောင် | ဦးကြီးလှ | ၈/ပဖန(နိုင်)၀၇၅၈၂၂ | ၄၇ | ဥက္ကဋ္ဌ | ၀၉-၈၉၇၁၄၀၈၂၅ |
| ၂ | ဦးဇေယျာမိုး | ဦးသိန်းဟန် | ၈/ပဖန(နိုင်)၁၀၆၀၁၁ | ၃၉ | ဥက္ကဋ္ဌ (ဝယ်ယူရေး) | ၀၉-၄၅၈၉၂၁၄၇၅ |
| ၃ | ဦးသန်းဝင်း | ဦးမြို့တင် | ၈/ပဖန(နိုင်)၀၆၂၄၇၃ | ၆၇ | အတွင်းရေးမှူး | ၀၉-၄၀၁၆၇၃၀၆၂ |
| ၄ | ဒေါ်စန္ဒာစိုး | ဦးစိုးငြိမ်း | ၈/ပဖန(နိုင်)၀၈၉၈၂၆ | ၄၂ | စာရင်းကိုင် | ၀၉-၄၄၈၂၅၃၁၇၇ |
| ၅ | ဒေါ်စန်းမြင့်အေး | ဦးသောင်းရွှေ | ၈/ပဖန(နိုင်)၀၆၂၆၂၁ | ၅၄ | ဘဏ္ဍာရေးမှူး | ၀၉-၂၆၅၀၈၄၆၀၃ |
| ၆ | ဦးကျော်စိုး | ဦးမြသောင်း | ၈/ပဖန(နိုင်)၁၃၄၄၆၉ | ၄၀ | အဖွဲ့ဝင် | ၀၉-၄၀၃၀၇၅၁၅၄ |
| ၇ | ဒေါ်ကြည်မာ | ဦးမြင့်ရွှေ | ၈/ပဖန(နိုင်)၁၀၇၄၄၆ | ၃၇ | အဖွဲ့ဝင် | ၀၉-၄၅၃၂၄၂၃၆၆ |

နောက်ဆက်တွဲ(၂)

### ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃၅ | ၂၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃၆ | ၂၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆၂ | ၅၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၅၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၀ | ၄၃၃ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၁ | ၅၅ | | |
| စုစုပေါင်း | | ၆၃၄ | ၆၄၁ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၂၇၇ | | | |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် အိမ်ထောင်စု (၂၇၇)စုတွင် လူဦးရေ စုစုပေါင်း (၁၂၇၅)ဦး၊ ကျား(၆၃၄)ဦး၊ မ(၆၄၁)ဦးရှိပြီး ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၃၉၀)ဦး၊ မ (၄၃၃) ဦးရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းလုပ်ကိုင်နိုင်သူများ ပြားပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှဦးရေ (၄) ဦးနှုန်းရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေ ရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ် ကိုင်သူ(ဦးရေ) | ရပ်တည် နိုင်မှု (မှတ်ချက်ကို သေချာ စွာဖတ်ပြီး မှန်ရာတစ် ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၆ | ၁၆၃ | ၁၅ | ၁၀၃ | ၆၀ | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇၂ | | | ၁၀၀ | ၇၂ | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | ၁ | ၂ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | ၁ | | ၁ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | သစ်တောလုပ်ငန်း | | | | | | | |
| ၄ | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| ၅ | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| ၆ | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | ၁ | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | | | | | | ၅ | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| ၇ | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / | | | | | | | မြင့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ဝန်ထမ်း | | | | | | | လတ် ☐<br>နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | ၂ | ၃ | | ၃ | | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | ၁ | ၁ | - | ၁ | - | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | | | | | | ၃ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | | | | | | ၁၆ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၁ | လက်လီ– လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | ၇ | ၁၂ | - | ၆ | ၆ | ၉ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား /<br>ဝန်ထမ်း | | | | ၁၃ | ၂၃ | ၅၉ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | ၁ | ၂ | ၂ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | - | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | လုပ်ငန်း | | | | | | | လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | ၁၄ | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | - | | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | | ၂၇၇ | ၁၈၅ | ၁၅ | ၂၁၆ | ၁၄၀ | ၁၂၆ | |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် အိမ်ထောင်စု(၂၇၇)စုတွင် စိုက်ပျိုးရေး လုပ်ငန်းအဓိကလုပ်ကိုင်သည့်အိမ်ထောင်စု (၉၆) စုနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၄)စု ၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်ရံလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၃)စု နှင့် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၁၇၂)စုနှင့်အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့်အိမ်ထောင်စု(၂)စု ရှိသည်ကိုတွေ့ရှိရပါသည်။၎င်းတို့၏ စီးပွားရေး ရပ်တည်နိုင်မှုမှာ အသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၇၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | 0 | 0 | 0 | 0 |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | 0 | 0 | 0 | 0 |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ် | နေ့စား | 0 | 0 | 0 | 0 |

| | | | | | | |
|---|---|---|---|---|---|---|
| | လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၀၀၀၀ | - | ၁၀၀၀၀ | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | - | ၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | 0 | 0 | 0 | 0 |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နေ့လုပ်အားခ နှုန်းထားမှာ အမျိုးသားအများဆုံး (၂၀၀၀၀)ကျပ်၊ အနည်းဆုံး(၁၀၀၀၀)ကျပ်၊ အမျိုးသမီးအများဆုံး (၁၅၀၀၀)ကျပ်၊ အနည်းဆုံး(၇၅၀၀)ကျပ်၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် တစ်နေ့လုပ်အားခ နှုန်းထားမှာ အမျိုးသားအများဆုံး (၂၀၀၀၀)ကျပ် အနည်းဆုံး (၁၀၀၀၀) ကျပ်၊ ထုတ်ကုန်လုပ်ငန်း ဆန်စက်တွင် အမျိုးသားအများဆုံး (၃၀၀၀၀) ကျပ်၊ အနည်းဆုံး(၁၀၀၀၀) ကျပ်ခန့် ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး |
|---|---|---|
| လယ်မြေ | ၄၉၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၂.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | 0.00 | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| | | |
|---|---|---|
| ကိုင်း/ကျွန်းမြေ | 0.00 | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | 0.00 | ကောင်း ☐သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | 0.00 | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | 0.00 | ကောင်း ☐သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၀၂.၅၀** | |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် စိုက်ပျိုးမြေအားလုံး၏ မြေဆီလွှာ အရည်အသွေး အတင့်အသင့်ရှိပြီး လယ်မြေများမှာ ဆည်ရေ စိုက်ပျိုးကြပါသည်။ လယ်စိုက်ပျိုးသည့် ကေမှာ (၄၉၀) ကေ၊ ယာစိုက်ပျိုးမြေကေမှာ (၁၂.၅၀) ကေရှိပြီး စုစုပေါင်း လယ်မြေကေမှာ (၅၀၂.၅၀) ကေရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချ နိုင်မှု | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင် အပင်များ) | များ ☐ သင့် ☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ် များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| | | | |
|---|---|---|---|
| ရေ – မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ ☐သင့် ☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ ထွက်ရှိခြင်းမရှိပါ။ သဘာဝအပင်မျိုးစိတ်များကိုရွာ၏ပတ်ဝန်းကျင်လယ်ကွင်းပြင်များတွင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည် သော အိမ်ထောင်စု** | **အလွန်မပြေ လည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |

| | | | | |
|---|---|---|---|---|
| အိမ်ထောင်စု | ၁၃ | ၉၆ | ၁၀၀ | ၆၈ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် ပြေလည်သော အိမ်ထောင်စုမှာ(၁၃)စု၊ အသင့်အတင့် အိမ်ထောင်စုမှာ(၉၆)စုရှိပြီး မပြေလည်သောအိမ်ထောင်စုမှာ (၁၀၀)စု အလွန်မပြေလည်သော အိမ်ထောင်စုမှာ(၆၈)စု ရှိပါသည်။ စီးပွားရေးကောင်းမွန်သော အိမ်ထောင်စုမှာ အနည်းငယ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ လက်လုပ်လက်စားနှင့် ကျပန်းအလုပ်များကို ရာသီအလိုက်လုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကိုဖော်ပြရန်)** |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှ | ၄၀ | | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = ၃၀<br>လုပ်အားခကြိုယူ = ၁၀ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၅ | | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၃ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၅ | | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၃ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် (၃) လအောက်ဝမ်းစာဖူလုံမှု အိမ်ထောင်စုမှာ (၄၁)စု၊ ၃လနှင့်၆လကြား ဝမ်းစာဖူလုံသော အိမ်ထောင်စု (၅)စုနှင့် ၆လမှ၁၂ အထိဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ(၅)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ |
|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | |
| | အိမ်ထောင်စု အရေအတွက် | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၃ | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၄ | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | ၅ | |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုလိုအပ်သော အိမ်ထောင်စုများ မရှိပါ၊ဆင်းရဲ၍ မိသားစုဦးရေများသည့်အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု(၄)စု၊ဆင်းရဲ၍ မိသားစုဦးရေများသည့်မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စု (၄)စု၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု(၅)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|
| သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| မြစ်ရေကြီးမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| လျှပ်တပြက်ရေကြီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မုန်တိုင်းဒီရေ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဆူနာမီ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တိုင်ဖုန်းမုန်တိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လေဆင်နှာမောင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ငလျင် | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| အပူလှိုင်း | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အအေးလှိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးသီးကြွေကျမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးခေါင်ခြင်း | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| တောမီးလောင်ခြင်း | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| မြစ်ကမ်းပါးပြိုခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကမ်းရိုးတန်းတိုက်စားမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | | | | | | |
| စားနပ်ရိက္ခာမဖူလုံမှု | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| သစ်တောပြုန်းတီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| ငှက်ဖျားရောဂါ | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| တီဘီရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကိုယ်ခံအားကျဆင်းမှုရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကပ်ရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပြည်တွင်းပဋိပက္ခ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| လူကုန်ကူးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် မုန်းချောင်းနှင့်(၅)မိုင်ခန့်ကွာဝေးသောကြောင့် လယ်ယာမြေများ ရေကြီးရေလျှံမှုမရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ အနေဖြင့် မိုးရွာသွန်းမှုများလျှင် ရိုးရေများတက်ခြင်းကြောင့် ရိုးစပ်မှလယ်များ ရေနစ်မြုပ်မှုရှိခြင်း၊ ငလျင်အသေးစားလှုပ်ခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)** | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)** | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| လူငယ် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| ဆင်းရဲသားတောင်သူ | ☐ | ☐ | ☑ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပင်လယ်/မြစ်ကမ်းဘေးနေထိုင် သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP) | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေနိမ့်ပိုင်းနေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ငါးကန်ပိုင်ရှင်များ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လက်လုပ်လက်စားများ၊ကျပန်းများ | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| လူနည်းစုလူမျိုးများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင် သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နယ်စပ်ဒေသတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေတွင်းလုပ်သားများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လှည့်လည်သွားလာ၍ဈေးရောင်းသူ များ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နေရပ်ပြန်အခြေချသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေ့ပြောင်းလုပ်သားများ | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| ကားမောင်းပြီးအသက်မွေးသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် သဘာဝဘေးထိခိုက် သက်ရောက်လွယ်မှုခံရနိုင်သော အိမ်ထောင်စုမှာ (၁၂)စု ခန့်ရှိပြီး မိုးတွင်းကာလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်

လေ့ရှိသည်။ ကျေးရွာရှိ အိမ်ထောင်စု (၅၀) စုမှာ စီးပွားရေး အသင့်အတင့်ရှိပြီး ကျန်အိမ်ထောင်စုများမှာ လက်လုပ်လက်စားများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ပရဟိတ | ၁☐၂ ☑<br>၃ ☐ | ၁၀ | - | ၁၀ | ☐ ပညာရေး<br>☐ငွေကြေး<br>☑ ကျန်းမာရေး<br>☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ လုံခြုံရေးနှင့် ကာကွယ်ရေး | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |
| ၂ | အရံမီးသတ် | ၁☐၂ ☐<br>၃ ☑ | ၂၀ | - | ၂၀ | ☐ ပညာရေး<br>☐ငွေကြေး<br>☐ ကျန်းမာရေး<br>☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☑လုံခြုံရေးနှင့် ကာကွယ်ရေး | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |
| ၃ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐၂ ☑<br>၃ ☐ | ၆ | | ၆ | ☐ ပညာရေး<br>☑ ကျန်းမာရေး<br>☑ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☑ သာရေး/နာရေး၊ | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | လူမှုဖွံ့ဖြိုးရေး<br>☑ လုံခြုံရေးနှင့်<br>ကာကွယ်ရေး | |
| ၄ | လူငယ်အဖွဲ့ | ၁☐ ၂ ☑<br>၃ ☐ | ၃၀ | ၂၀ | ၅၀ | ☐ ပညာရေး<br>☐ ငွေကြေး<br>☑ ကျန်းမာရေး<br>☑ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☑ သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး<br>☑လုံခြုံရေးနှင့်<br>ကာကွယ်ရေး | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |
| ၅ | ကျောင်း<br>ကော်မတီ | ၁☐ ၂ ☑<br>၃ ☐ | ၅ | - | ၅ | ☑ ပညာရေး<br>☐ငွေကြေး<br>☐ ကျန်းမာရေး<br>☐ ဘာသာရေး<br>☐စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး<br>☐လုံခြုံရေးနှင့်<br>ကာကွယ်ရေး | ☐ ကောင်း<br>☑သင့်<br>☐ ညံ့ |
| ၆ | ဝတ်အသင်း | ၁☐ ၂ ☐<br>၃ ☑ | ၅ | ၂၀ | ၂၅ | ☐ ပညာရေး<br>☐ငွေကြေး<br>☐ ကျန်းမာရေး<br>☑ ဘာသာရေး<br>☐စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး<br>☐လုံခြုံရေးနှင့်<br>ကာကွယ်ရေး | ☐ ကောင်း<br>☑သင့်<br>☐ ညံ့ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် (၆)ဖွဲ့ရှိပါသည်။ အဆိုပါ အဖွဲ့များအနေဖြင့် အချင်းချင်းချိတ်ဆက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်

လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုအနေဖြင့် အလွန်အားကောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | မဟာ | ၁☐ ၂☑၃ ☐ ၄☐ ၅☐၆☐၇☐ | ☐ ပညာရေး ☑ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး |
| ၂ | LOLC | ၁☐ ၂☑၃ ☐ ၄☐ ၅☐၆☐၇☐ | ☐ ပညာရေး ☑ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး |
| ၃ | စိုက်/ဘဏ် | ၁☐ ၂ ☐၃ ☐ ၄☐ ၅☑၆☐၇☐ | ☐ ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး |
| ၄ | ငွေယမင်း | ၁☐ ၂☑၃ ☐ ၄☐ ၅☐၆☐၇☐ | ☐ ပညာရေး ☑ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောအခြားအဖွဲ့အစည်းများမှ အစိုးရစိုက်ပျိုးရေးဘဏ်နှင့် အခြားအဖွဲ့အစည်းများဖြစ်သော LOLC အဖွဲ့၊မဟာအဖွဲ့နှင့် ငွေယမင်း အဖွဲ့အစည်းများသည် ပုဂ္ဂလိကငွေချေးသော အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| မြေယာမဲ့ | ၁၆၄ | ၆၀ | မြေယာမဲ့ |
| ၂.၅ကေအောက် | ၃၃ | | ဆင်းရဲသားတောင်သူ |
| ၂.၅ကေမှ၅ကေကြား | ၃၇ | | တောင်သူငယ် |
| ၅ကေမှ၁၂.၅ကေကြား | ၃၅ | | တောင်သူလတ် |
| ၁၂.၅ကေအထက် | ၈ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | ၂၇၇ | ၆၀ | |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် အိမ်ထောင်စု (၂၇၇)စု ရှိပြီး မြေယာမဲ့ အိမ်ထောင်စု (၁၆၄) စုရှိကာ အဆိုပါအိမ်ထောင်စုများ အနေဖြင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး မြေပိုင်သူများအနေဖြင့် စိုက်ပျိုးရေးအား အဓိကထားစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| အရင်းအမြစ် | ရေသောက် (ကေ) | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|
| ဆည် | ၅၀၂.၅ | ☐တစ်နှစ်ပတ်လုံး<br>☑ရာသီအလိုက်<br>☐မဖြေဆိုပါ | ☑ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☑အပြောင်းအလဲမရှိ |
| ရေလွှဲဆည် | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက် | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |

| | | | | |
|---|---|---|---|---|
| | | ☐မဖြေဆိုပါ | | |
| မြစ်ရေတင် | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |
| ရေသွင်းမြောင်<br>း | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |
| အဝီစိတွင်း | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |
| လက်ငင်<br>ရေတွင်း | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |
| စိမ့်စမ်းရေ | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |
| ချောင်းရေ | | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |

လေ့လာတွေ့ရှိချက် ။ ရွှေဘိုရွာသစ်ကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း(၅၀၂.၅၀)ဧကရှိပြီး လယ်မြေ (၂၀၀)ဧက ရှိပြီး လယ်မြေဧက (၂၀၀)ဧကကို မဲဇလီဆည်မှ လုံလောက်စွာရရှိပြီး လယ်မြေဧက (၂၀၀)ဧကကို လင်းဇင်းဆည်ရေဖြင့် မိုးတွင်းကာလ မိုးလယ်တစ်သီးကိုသာ အဓိကထား လုပ်ကိုင်ရသည်။ ကျန်ဧက (၉၀) ဧကသည် မြောင်းမကြီးမှရေစုပ်စက်ဖြင့်ရေတင်၍ စိုက်ပျိုးကြသည်။ ယာမြေ (၁၂.၅) ဧကကို မိုးဦးမိုးနှောင်း ကာလာတွင်အသုံးပြုလုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၅၀၂.၅ | တင်း | ၄၀ | ၇၀ | ၆၀ | ဇူလိုင် | နိုဝင်ဘာ | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် |
| ပဲ | ၁၅၀ | တင်း | ၆ | ၈ | ၇ | နိုဝင်ဘာ | ဇန်နဝါရီ | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် |
| နှမ်း | ၂၀၀ | တင်း | ၃ | ၁၀ | ၅ | ဧပြီ | ဇွန် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် | ☐ မြင့်<br>☑ လတ်<br>☐ နိမ့် |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် အဓိကသီးနှံဖြင့် စပါး၊ ပဲ၊ နှမ်းများ စိုက်ပျိုးကြပါသည်။ သီးနှံထွက်နှုန်းမှာ အသင့်အတင့် ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | 0 | 0 | ၁ |
| လက်တွန်းထွန်စက် | ၃၄ | 0 | 0 | 0 |
| အစေ့ချကိရိယာ | 0 | 0 | 0 | 0 |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ရိတ်သိမ်းခြွေလှေ့စက် | 0 | 0 | 0 | ၉၂ |
| ရိတ်သိမ်းစက် | 0 | 0 | 0 | 0 |
| ခြွေလှေ့စက် | ၁ | 0 | 0 | ၁ |
| ရေစုပ်စက် | ၄၉ | 0 | 0 | 0 |
| ခြေနင်းရေတင်စက် | 0 | 0 | 0 | 0 |
| မြက်ရိတ်စက် | ၃ | 0 | 0 | 0 |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် လက်တွန်းထွန်စက်(၃၄)စီး၊ ရေစုပ်စက်(၄၉)လုံး၊ ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများအနေဖြင့် နွားများဖြင့် ထွန်ယက်စိုက်ပျိုးခြင်း၊ ထွန်စက်များ ငှားရမ်းအသုံးပြုပြီးရိတ်သိမ်းချိန်တွင် ရိတ်ခြွေစက်များငှားရမ်းအသုံးပြုကြပြီး တချို့တောင်သူများ သည် အလုပ်သမားများငှားရမ်းအသုံးပြုကြကြောင်းကြောင်း လေ့လာတွေ့ ရှိရပါသည်။

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။ ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | ☐အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | ☐အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | ☐ ပေါ်များ ☑ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ |

| | |
|---|---|
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | ☐အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | ☐မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြား အော်ဂဲနစ် သွင်းအားစုများ | ☐လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြား ဓာတုဗေဒသွင်းအားစုများ | ☐လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | ☐အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ☐အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ☐သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်း မှန်ကန်စွာ ဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ☑ မဖြေဆိုပါ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ☑ ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ |

လေ့လာတွေ့ရှိချက်။ ရွှေဘိုရွာသစ်ကျေးရွာတွင် စိုက်ပျိုးမြေအားလုံး စိုက်ပျိုးအသုံးပြုနိုင်ပါသည်။ ရာသီဥတုကြောင့် ဖြစ်ပေါ်သည့်ဖျက်ပိုးများရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံထွက်နှုန်းများလျော့နည်းပါသည်။ နည်းပညာများကို စိုက်ပျိုးရေးဆေးဆိုင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | ☐ မြေဆီလွှာဩဇာမကောင်း ☑ ရာသီဥတုမမှန်<br>☐ မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | ☐ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ<br>☑ လယ်ယာမြေဆုံးရှုံးမှုများသည်<br>☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်<br>☐ ပလပ်မြေများရှိသည်<br>☐ လပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ |
